NSW KIDS + FAMILIES

SWIS-H
STATEWIDE INFANT SCREENING - HEARING



# ကိုယ့်ကလေးကို အကြားအာရုံ ခွဲခြမ်းစိတ်ဖြာအကဲဖြတ်ချက် ပြုလုပ်ဖို့ ဘာဖြစ်လို့ တိုက်ရိုက်လွှဲပြောင်း ပေးတာလဲ။

သင့်ကလေးကို မွေးပြီးကာစ ရက်သတ္တပါတ် အနည်းငယ်အတွင်းမှာ ကျန်းမာရေး စစ်ဆေးမှုတွေ အများအပြား ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ အကြားအာရုံပျက်စီးမှုရှိမရှိ စစ်ဆေးတာလဲ ပါပါတယ်။

အကြားအာရုံ စစ်ဆေးမှုကို မွေးပြီးတာနဲ့ အမြန်ဆုံး ပြုလုပ်ဖို့ ကမ်းလှမ်းမှာဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ချို့ကလေးငယ်တွေအတွက် စစ်ဆေးမှုက မသင့်တော်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီကလေးတွေအတွက် စစ်ဆေးမှုဟာ အတိအကျမမှန်နိုင်လို့ ဖြစ်ပါတယ်။ အဲဒီလို ကလေးတွေကို အကြားအာရုံ ခွဲခြမ်းစိတ်ဖြာအကဲဖြတ်ချက် ပြုလုပ်ဖို့ ကျွမ်းကျင်တဲ့ အကြားအာရုံ ပညာရှင်ဆီကို တိုက်ရိုက်လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။

## ကိုယ့်ကလေးကို ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်ချက် ပြုလုပ်ဖို့ ဘာဖြစ်လို့ တိုက်ရိုက်လွှဲပြောင်း ပေးတာလဲ။

တိုက်ရိုက်လွှဲပြောင်းပေးရတဲ့ အကြောင်းတစ်ချို့ကတော့

- အက်ထရီးရှား (နားပေါက်မပါရှိခြင်း)
- မိုက်ကရိုးရှား (နားပေါက်မပြည့်စုံခြင်း သို့မဟုတ် နားပေါက်အပြည့်အဝ မဖွံ့ဖြိုးခြင်း)
- ဘက်တီးရီယားကြောင့်ဖြစ်သော သို့မဟုတ် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဦးနှောက်အမြှေးပါးရောင်ခြင်း (ရောဂါဖြစ်ကြောင်း အတည်ပြုပြီး သို့မဟုတ် သံသယရှိ)
- နှုတ်ခမ်းကွဲခြင်း
- ဒေါင်းရောဂါလက္ခဏာစု

အထူးကြပ်မတ်ကုသဆောင်မှာ နေခဲ့ရတဲ့ ကလေးတွေကိုတော့ အကြားအာရုံစစ်ဆေးမှု ပြုလုပ်ပြီးတာတောင်  SWIS-H ညှိနှိုင်းရေးမှူးက ကလေးအထူးကုနဲ့ တိုင်ပင်ပြီး အကြားအာရုံ ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်ချက် ပြုလုပ်ဖို့ တိုက်ရိုက်လွှဲပြောင်း ပေးနိုင်ပါတယ်။

ကလေး အယောက် ၁၀၀၀ မွေးဖွားရင် အကြားအာရုံ သိသိသာသာဆုံးရှုံးတဲ့ ကလေး  တစ်ယောက် နှစ်ယောက်လောက် ပါတတ် ပါတယ်။

သင့်ကလေး ဘယ်လောက်အကြားအာရုံ ကောင်းသလဲဆိုတာ တတ်နိုင်သမျှအမြန်ဆုံး စစ်ဆေးကြည့်ဖို့လိုပါတယ်။ အဲဒါမှ သင်နဲ့ သင့်ကလေးဟာ မှန်ကန်တဲ့ အကြံပြုချက်နဲ့ အထောက်အပံ့တွေ ရနိုင်မှာဖြစ်ပါတယ်။

သင့်ကိုလွှဲပြောင်းပေးတဲ့ ဆေးရုံဟာ သင်နေတဲ့နေရာနဲ့ ကီလိုမီတာ ၁၀၀ ကျော် ဝေးတယ်ဆိုရင် အခုဒီစာစောင်ပေးတဲ့သူကို SWIS-H ခရီးသွားအကူအညီအစီအစဉ် အကြောင်း သတင်းအချက်အလက်တွေ မေးမြန်းပါ။

ခွဲခြမ်းစိတ်ဖြာအကဲဖြတ်ချက်အကြောင်း သတင်းအချက်အလက်တွေသိချင်ရင် အခုဒီစာစောင်ပေးတဲ့သူကို `ကိုယ့်ကလေးကို ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်ချက် ပြုလုပ်ဖို့ ဘာကြောင့်လိုအပ်တာလဲ´ ဆိုတဲ့ စာစောင် တောင်းယူပါ။

**နောက်ထပ်သိချင်တာရှိရင် NSW ကလေးများနှင့် မိသားစုများ ကို ဆက်သွယ်ပါ။**

တယ်လီဖုန်း (02) 9391 9483

ဝက်ဘ်ဆိုက်-:
http://www.kidsfamilies.health.nsw.gov.au/programs/programs-and-initiatives/swis-h/

ဒေသတွင်း ဆက်သွယ်ရန်/ ချိန်းဆိုရန် အသေးစိတ်အချက်အလက်များ

ကျန်းမာရေးဆိုင်ရာအကြံဉာဏ်အတွက် *healthdirect Australia*
http://www.healthdirect.gov.au/
**1800 022 222**

NSW GOVERNMENT | Health

**Burmese** - Why has my baby been referred directly for a diagnostic audiology assessment?

© NSW Health March 2015 SHPN (NKF) 150310